World Health Organization
Myanmar

# ပိုလီယိုအကြောသေရောဂါ ကာကွယ်ပါ

WHO Myanmar newsletter *special* , 5 August 2019

## ပိုလီယို အကြောသေရောဂါဆိုတာ

ပိုလီယို အကြောသေရောဂါသည် ပိုလီယိုဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားပြီး ကူးစက်မြန်သော ရောဂါတစ်ခုဖြစ်သည်။ ပိုလီယို ဗိုင်းရပ်စ်ပိုးသည် အာရုံကြောစနစ်များကို ထိခိုက်ပျက်စီးစေနိုင်ပြီး ခြေလက်များ ပျော့ခွေကာ အကြောသေစေသည့်အပြင် အသက်ကိုပါ ဆုံးရှုံးစေနိုင်ပါသည်။

## ပိုလီယိုရောဂါ ကူးစက်ခံရနိုင်ခြေ ရှိသောသူများ

ပိုလီယိုဗိုင်းရပ်စ်ပိုးသည် ပိုလီယိုကာကွယ်ဆေး မရရှိထားသော ၅နှစ်အောက် ကလေးငယ်များတွင် အဓိကဖြစ်ပွားလေ့ရှိပါသည်။

ဆယ်ကျော်သက်များနှင့် လူကြီးများတွင်လည်း ပိုလီယိုရောဂါ ကူးစက်ခံရနိုင်ပြီး ရောဂါပိုး သယ်ဆောင်သူများလည်း ဖြစ်နိုင်ပါသည်။ ပိုလီယိုရောဂါ သံသယရှိသော ကလေး (သို့) လူကြီးများတွင် လက် (သို့) ခြေထောက်များ ရုတ်တရက် အားနည်းလာခြင်း ကိုတွေ့ရပါသည်။

## ပိုလီယိုရောဂါကို ပျောက်ကင်းအောင် ကုသနိုင်ပါသလား? ကာကွယ်နိုင်ပါသလား?

ပိုလီယိုရောဂါကို ပျောက်ကင်းအောင် ကုသ၍ မရနိုင်ပါ။

ပိုလီယိုရောဂါ မဖြစ်ပွားရအောင် သင့်လျော်သော ကာကွယ်ဆေးများဖြင့် ကာကွယ်နိုင်ပါသည်။ ပိုလီယိုအစက်ချကာကွယ်ဆေး (OPV) နှင့် ပိုလီယိုကာကွယ်ဆေး ထိုးဆေး (IPV) ဟူ၍ (၂) မျိုးရှိပါသည်။

POLIO GLOBAL ERADICATION INITIATIVE




*photo credit: Ms Lei Lei Mon, WHO Myanmar*

**A child receives oral polio vaccine at Thandaung township, Kayin State, 21 July 2019**

**ပိုလီယိုအစက်ချကာကွယ်ဆေးသည် ပိုလီယိုရောဂါ ကင်းစင်ပပျောက်စေရန်အတွက် ထိရောက်သော ကာကွယ်ဆေးဖြစ်သည်။**

## ပိုလီယိုကာကွယ်ဆေးသည် ဘေးအန္တရာယ် ကင်းရှင်းပါသလား?

ပိုလီယိုအစက်ချကာကွယ်ဆေး (OPV) သည် အန္တရာယ် အကင်းဆုံး ကာကွယ်ဆေးများထဲတွင် တစ်ခုအပါအဝင် ဖြစ်ပြီး ထိရောက်သည့် ကာကွယ်ဆေးတစ်မျိုး ဖြစ်သည်။ ဖျားနေသော ကလေးများနှင့် မွေးကင်းစ ကလေးငယ်များကို တိုက်ကျွေးရာတွင်လည်း အန္တရာယ်မရှိနိုင်ပါ။ ကမ္ဘာတစ်ဝှမ်းလုံးတွင် ပိုလီယို အစက်ချ ကာကွယ်ဆေး (OPV) ကို ၁၉၆၁ ခုနှစ်တွင် စတင်မိတ်ဆက် ခဲ့ပြီး ကလေးငယ် သန်းပေါင်း ၂၀ ကျော်ကို ကာကွယ်ဆေး တိုက်ကျွေး ခဲ့ပါသည်။ ကမ္ဘာနှင့်အဝှမ်း ကလေးငယ် ၁၆ သန်းကျော်ကို ပိုလီယို ရောဂါကြောင့် ရာသက်ပန် အကြောသေပြီး မသန်စွမ်းဖြစ်ခြင်းမှ ကာကွယ်ပေးနိုင်ခဲ့ပါသည်။ ပိုလီယိုကာကွယ်ဆေးသည် ကလေးငယ် များကို အကြိမ်များစွာ တိုက်ကျွေးရာတွင်လည်း အန္တရာယ်မရှိနိုင်ပါ။ အပိုဆောင်း တိုက်ကျွေးခြင်းသည် ကလေးမှ ပိုလီယိုရောဂါ ကာကွယ် နိုင်စွမ်း ပိုမို မြင့်မားလာစေရန်ဖြစ်သည်။

## ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးခြင်းအစီအစဉ်

၂၀၁၉ ခုနှစ်၊ ဇူလိုင်လတွင် မြန်မာနိုင်ငံမှ ပိုလီယို ရောဂါ စောင့်ကြပ်ကြည့်ရှုရေးအဖွဲ့မှ ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်တွင် အသွင်ပြောင်း ပိုလီယိုရောဂါ ကပ်ရောဂါအသွင် ဖြစ်ပွားသည်ကို တွေ့ရှိခဲ့ပါသည်။ ၎င်းမြို့နယ်သည် ကာကွယ်ဆေး လွှမ်းခြုံမှုနည်းသော မြို့နယ်ဖြစ်သည်။ ပိုလီယိုရောဂါ ကူးစက်မှုကို ရပ်တန့်စေရန်အတွက် မြန်မာနိုင်ငံ ဗဟိုနှင့် ပြည်နယ် ကျန်းမာရေး ဦးစီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO၊ Unicef နှင့် တိုင်းရင်းသား ကျန်းမာရေး အဖွဲ့အစည်းများနှင့် မိတ်ဘက်များ၊ ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေး ဝန်ကြီးဌာနတို့ ပူးပေါင်းညှိနှိုင်းပြီး ပိုလီယိုရောဂါ ကူးစက် ခံရနိုင်ချေများသော နေရာများ (ကာကွယ်ဆေး လွှမ်းခြုံမှု နည်းသောနေရာများ) တွင် နေထိုင်သည့် အသက် ၅ နှစ်အောက် ကလေးများအားလုံးကို ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးလျှက် ရှိပါသည်။ ပုံမှန်ကာကွယ်ဆေးထိုးအဖွဲ့မှ တိုက်ကျွေးသော ပိုလီယိုကာကွယ်ဆေးအပြင် ကလေးများကို ပိုလီယိုရောဂါမှ ကာကွယ်ရန် အကြိမ်များစွာ တိုက်ကျွေးရန် လိုအပ်ပါသည်။ ပိုလီယိုကာကွယ်ဆေး အကြိမ် အနည်းငယ် အပိုဆောင်း တိုက်ကျွေးခြင်းဖြင့် ကပ်ရောဂါအသွင် ကူးစက်ပြန့်နှံ့မှုကို ရပ်တန့်သွားစေနိုင်ပါသည်။

World Health Organization
Myanmar

POLIO GLOBAL ERADICATION INITIATIVE

**World Health Organization - Myanmar**
No 403 (A1), Shwe Taung Kyar Street, Yangon, Myanmar
Tel: (95-1) 534300/307, 538620 - 621, 538474 - 476
Fax: (95-1) 538233, 538435 Email: semmr@who.int
WHO Myanmar website: http://www.searo.who.int/myanmar

# ကာကွယ်ဆေး လွှမ်းခြုံမှု နည်းခြင်းသည် အသွင်ပြောင်း ပိုလီယိုပိုး ပေါ်ပေါက်လာစေသည့် အဓိက အကြောင်းရင်းဖြစ်သည်။

# ပြဿနာ ဖြစ်ပွားရခြင်းမှာ ကာကွယ်ဆေးကြောင့် မဟုတ်ပါ။ လွှမ်းခြုံမှု နည်းခြင်းကြောင့်ဖြစ်သည်။

## ကလေးငယ်များကို ပိုလီယိုကာကွယ်ဆေးများ ထပ်မံ တိုက်ကျွေးဖို့ လိုအပ်ပါသလား?



*photo credit: Ms Lei Lei Mon, WHO Myanmar*

**A child shows her vaccination card, Thandaung township, Kayin State, 21 July 2019**

လိုအပ်ပါသည်။ အကယ်၍ ကလေးသည် အပိုဆောင်း ကာကွယ်ဆေး တိုက်ကျွေးသည့် အစီအစဉ် မတိုင်ခင် ကာကွယ်ဆေး ရရှိထားပါက အပိုဆောင်း တိုက်ကျွေးခြင်းဖြင့် ပိုလီယိုရောဂါ ကာကွယ်ရန် အတွက် ကိုယ်ခံ စွမ်းအားကို ထပ်မံရရှိစေပါသည်။ ပိုလီယို ကာကွယ်ဆေးကို အကြိမ်များစွာ တိုက်ကျွေးခြင်းဖြင့် မည်သည့် အန္တရာယ်မျှ မရှိပါ။

ကလေးငယ်တစ်ဦးသည် ကာကွယ်ဆေးများ အပြည့်အဝ တိုက်ကျွေးထားသော်လည်း ပိုလီယိုရောဂါ ဖြစ်ပွားနိုင်မှုအန္တရာယ် ရှိနေဆဲပင် ဖြစ်သည်။ ထို့ကြောင့် အပိုဆောင်း ကာကွယ်ဆေး တိုက်ကျွေးသည့် အစီအစဉ်အပြင် ပုံမှန် ကာကွယ်ဆေးထိုး၊ ဆေးကျွေးခြင်းကို အချိန်မှီ ပြီးစီးအောင် ဆက်လက်လုပ်ဆောင်သွားရပါမည်။

## အသွင်ပြောင်းပိုလီယို ဗိုင်းရပ်စ်ပိုးနှင့် ပြန့်နှံ့လျက်ရှိသော အသွင်ပြောင်း ပိုလီယိုဗိုင်းရပ်စ်ပိုးဆိုတာ

၎င်းသည် အလွန်ရှားပါးသော ပိုလီယိုဗိုင်းရပ်စ်ပိုးမျိုးဖြစ်ပြီး မူလ ပိုလီယိုကာကွယ်ဆေးပိုးမှ မျိုးရိုးဗီဇ အသွင်ပြောင်းလဲကာ အသွင်ပြောင်း ပိုလီယိုပိုး ဖြစ်သွားပါသည်။ ကာကွယ်ဆေးလွှမ်းခြုံမှု နည်းသောနေရာများတွင် ဖြစ်ပွားနိုင်ပါသည်။ ကာကွယ်ဆေး အပြည့်အဝ မရရှိသော လူအုပ်စုများနှင့် သန့်ရှင်းမှု မရှိသော ပတ်ဝန်းကျင်တွင် နေထိုင်သည့် လူအုပ်စုများသည် အသွင်ပြောင်း ပိုလီယို ဗိုင်းရပ်စ်ပိုး ကူးစက်ခံရနိုင်ပါသည်။

## ပျံ့နှံ့နေသော အသွင်ပြောင်း ပိုလီယို ဗိုင်းရပ်စ်ပိုး တိုက်ဖျက်ရေးအစီအစဉ်

အရေးပေါ် တုန့်ပြန်ဆောင်ရွက်သော အဖွဲ့များကို ပျံ့နှံ့နေသော အသွင်ပြောင်း ပိုလီယိုဗိုင်းရပ်စ်ပိုး တိုက်ဖျက်ရေးအတွက် တာဝန် ပေးအပ်ရန် အလွန် အရေးကြီးပါသည်။ ၎င်းကို ထိရောက်သည့် ပိုလီယို ကာကွယ်ဆေး အပိုဆောင်း ၂ ကြိမ် (သို့မဟုတ်) ၃ ကြိမ် တိုက်ကျွေးခြင်းဖြင့် ရပ်တန့်သွားစေနိုင်ပါသည်။

## ပိုလီယိုရောဂါ ကင်းစင်ပပျောက်ရန်အတွက် ပြည်သူလူထု၏ အခန်းကဏ္ဍ

မိဘပြည်သူများ အနေဖြင့် ပိုလီယိုရောဂါ ကင်းစင်ပပျောက်ရန်အတွက် အောက်ပါအတိုင်း ကူညီနိုင်ပါသည်။

- မိမိတို့၏ကလေးများကို ပုံမှန်ကာကွယ်ဆေးနှင့် အပိုဆောင်း ပိုလီယို ကာကွယ်ဆေးများကို သေချာစွာ တိုက်ကျွေးရန်၊
- ပိုလီယို ကာကွယ်ဆေး မတိုက်ရသေးသည့် ကလေးငယ်များ တွေ့ရှိပါက ကျန်းမာရေး ဝန်ထမ်းများနှင့် လုပ်အားပေးများအား သတင်းပေးရန်၊
- အိမ်နီးချင်းများနှင့် သူငယ်ချင်းများအား လက်ရှိ ဆောင်ရွက်နေသည့် ပိုလီယိုကာကွယ်ဆေး အပိုဆောင်း တိုက်ကျွေးခြင်း အစီအစဉ်ကို သတင်းပေးရန်နှင့် ပုံမှန် ကာကွယ်ဆေးထိုးခြင်း၏ အရေးကြီးပုံကို ပြောပြရန်၊
- ပိုလီယို သံသယ ရှိသောကလေးများ တွေ့ရှိပါက သတင်းပေးရန်၊ ဥပမာ - ခြေထောက်နှင့် လက်များ ရုတ်တရက် အားနည်းလာခြင်း၊ ရုတ်တရက် လမ်းမလျှောက်နိုင်ခြင်း၊

## ပိုလီယိုအပိုဆောင်း တိုက်ကျွေးခြင်း၏ နောက်ဆက်တွဲ အစီအစဉ်

၂၀၁၉ ခုနှစ်၊ ဇူလိုင်လအတွင်းတွင် အရေးပေါ် ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်းကို ရောဂါကူးစက် ပျံ့နှံ့ရန် အန္တရာယ်ရှိသော မြို့နယ် (၁၂) မြို့နယ် (ကရင်ပြည်နယ်မှ ၇ မြို့နယ်၊ မွန်ပြည်နယ်မှ ၃ မြို့နယ်နှင့် ပဲခူးတိုင်းမှ ၂ မြို့နယ်) တို့တွင် ဆောင်ရွက်ခဲ့ပါသည်။

ထိရောက်၍ ကျယ်ပြန့်သော အပိုဆောင်းကာကွယ်ဆေး ၂ ကြိမ်ကို ဦးစားပေး (၉၈) မြို့နယ်တွင် အသက် (၅)နှစ်အောက် ကလေး ၁. ၂ သန်းကို တိုက်ကျွေးမည် ဖြစ်ပါသည်။ ဩဂုတ်လ ၄ ရက်မှ ၆ ရက်နေ့အထိ ၁၂ မြို့နယ်နှင့် ဩဂုတ်လ ၂၆ ရက်မှ ၂၈ ရက်နေ့အထိ ၈၆ မြို့နယ်တို့တွင် တစ်ကြိမ်၊ အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် တစ်ကြိမ် ဆောင်ရွက်မည် ဖြစ်ပါသည်။

*drawing credit: Expanded Programme on Immunization, Ministry of Health & Sports, Myanmar*